ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ဒိုက်ဦးမြို့

ဒိုက်ဦးမြို့ အခွန်အရေးသား သက်လိုင်စင်များ ရောင်းချမည့်ကြော်ငြာစာအမှတ် ( ၂ / ၂၀၂၅)
၁၃၈၇ခု ပြာသိုလဆန်း ( ၄ )ရက်
၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ( ၂၂ )ရက်

၁။ ဒိုက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၆-၂၀၂၇ (၁-၄-၂၀၂၆ မှ ၃၁-၃-၂၀၂၇ထိ)အတွက် အရပ်ရပ်အခွန်အရေးသားသက်လိုင်စင်များနှင့်ပတ်သက်၍ ပူးတွဲပါ လိုင်စင်လုပ်ငန်းများအား BOT စနစ်ဖြင့်လည်းကောင်း၊ အညီအမျှခွဲဝေချပေးထားသည့်စနစ်ဖြင့်လည်းကောင်း၊ သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း၊ ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း (ပထမအကြိမ်) ရောင်းချမည်ဖြစ်၍ လိုင်စင်စည်းကမ်း ညွှန်ကြားချက်များနှင့်အညီ ညီညွတ်သူ မြန်မာနိုင်ငံသားမည်သူမဆို လာရောက်ဆွဲဝယ်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည် -

| စဉ် | ရောင်းချမည့် အစီအစဉ် | ရောင်းချမည့် နေ့ရက်/အချိန် | မှတ်ပုံတင်ရမည့် နေ့ရက်/အချိန် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပထမအကြိမ် | ၁၂-၁-၂၀၂၆ (တနင်္လာနေ့) နံနက် (၁၀း၀၀)နာရီ | ၉-၁-၂၀၂၆ (သောကြာနေ့) ညနေ (၁၄း၀၀)နာရီ | |
| ၂။ | ဒုတိယအကြိမ် | ၂၀-၁-၂၀၂၆ (အင်္ဂါနေ့) နံနက် (၁၀း၀၀)နာရီ | ၁၉-၁-၂၀၂၆ (တနင်္လာနေ့) ညနေ (၁၄း၀၀)နာရီ | |
| ၃။ | တတိယအကြိမ် | ၂၇-၁-၂၀၂၆ (အင်္ဂါနေ့) နံနက် (၁၀း၀၀)နာရီ | ၂၆-၁-၂၀၂၆ (တနင်္လာနေ့) ညနေ (၁၄း၀၀)နာရီ | |
| ၄။ | ချိတ်ပိတ်တင်ဒါ | ၃-၂-၂၀၂၆ (အင်္ဂါနေ့) နံနက် (၁၀း၀၀)နာရီ | ၂-၂-၂၀၂၆ (တနင်္လာနေ့) ညနေ (၁၄း၀၀)နာရီ | |
| ၅။ | အခြားနည်း | ၁၀-၂-၂၀၂၆ (အင်္ဂါနေ့) နံနက် (၁၀း၀၀)နာရီ | ၉-၂-၂၀၂၆ (တနင်္လာနေ့) ညနေ (၁၄း၀၀)နာရီ | |

လေလံရောင်းချမည့်နေရာ - မြို့နယ်စည်ပင်သာယာရေးကော်မတီအစည်းအဝေးခန်းမ၊ ဒိုက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့။

၂။ ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ် (၁-၄-၂၀၂၆ မှ ၃၁-၃-၂၀၂၇ထိ)အတွက် လေလံဆွဲဝယ်သူသည် ဒိုက်ဦးမြို့၊ မြန်မာ့စီးပွားရေးဘဏ်တွင် ပုဂ္ဂလိကစာရင်းရှင်အပ်ငွေဖွင့်လှစ်၍ စားပွဲတင်အာမခံငွေအဖြစ် ပေးသွင်းရမည့်ငွေရပ်ပါအတိုင်း အမှုဆောင်အရာရှိ ရာထူးအမည်ဖြင့်ရေးသားထားသောငွေထုတ်ယူခွင့်အမိန့် (P.O.P) ( Payment Order Private )ကို လေလံလျှောက်လွှာနှင့်အတူ စားပွဲတင်အာမခံငွေတင်သွင်းမှု အထောက်အထားအဖြစ် တင်ပြရမည်။ နောက်ကျတင်သွင်းသည့်လျှောက်လွှာနှင့် စားပွဲတင်အာမခံငွေ (P.O.P) (Payment Order Private)များအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ လိုင်စင်ကြေးကျပ်(၂၀)သိန်းထက်မပိုပါက အကြေပေးသွင်းရမည်။

၄။ လေလံမအောင်မြင်သူများ၏အာမခံအပ်ငွေများကို လေလံပွဲပြီးဆုံးပြီး(၁၀)ရက်ကြာမှ ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။ လေလံအောင်မြင်သူများ၏ အာမခံငွေ(၁၀ပုံ ၁ပုံ)အား လေလံစည်းကမ်းနှင့်အညီ ပေးသွင်းရမည်ဖြစ်ပြီး လေလံကြေး (၄ပုံ ၁ပုံ) သို့မဟုတ် အကြေး သို့မဟုတ် တိုင်းဒေသကြီးပြင်ပ(၅၀%)ကိုအား ၂၀၂၆ ခုနှစ် ဧပြီလ (၁)ရက်နေ့မှ ([illegible]-၂၀၂၆) အထိငွေ နောက်ဆုံးပေးသွင်းရမည်။ ပျက်ကွက်ပါက အာမခံ (၁၀ ပုံ ၁ ပုံ) တင်သွင်းငွေအား အစိုးရရန်ပုံငွေ အဖြစ် သိမ်းယူပြီး လိုင်စင်ကြေးပေးသွင်းရန် ပျက်ကွက်သူ လိုင်စင်ရှင်အား အမည်ပျက် စာရင်း Black List ကြေငြာမည်ဖြစ်ပြီး ကျန်ငွေကို အရစ်ကျလိုင်စင်ကြေးပေးသွင်းရန် တိုင်းဒေသကြီးအတွင်း ဆွဲဝယ်သူဖြစ်ပါက (၈)ရစ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးပြင်ပမှဆွဲဝယ်သူဖြစ်ပါက (၄)ရစ်ဖြင့်လည်းကောင်း အကြေပေးသွင်းရမည်။

၅။ လိုင်စင်ဆွဲဝယ်သူသည် အောက်ပါအချက်များအားလုံးနှင့်ကိုက်ညီမှသာ လိုင်စင်ဆွဲဝယ်ခွင့်ရှိရမည်

(က) လေလံစည်းကမ်း၊ ညွှန်ကြားချက်များနှင့်ညီညွတ်သူ မြန်မာနိုင်ငံသားဖြစ်ရမည်။ အိမ်ထောင်စု၊ လူဦးရေ (လဝကပုံစံ၆၆/၆)စာရင်းမူရင်းကိုပါ တင်ပြနိုင်သူဖြစ်ရမည်။

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းကိုတင်ပြနိုင်သော အသက်(၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(ဂ) စည်ပင်သာယာရေးဆိုင်ရာ အခွန်၊ အခ၊ ကြွေးကျန်မရှိသူဖြစ်ရမည့်အပြင် အမှုအခင်းနှင့် ပြဿနာကင်းရှင်းသူဖြစ်ရမည်။

၆။ ကိုယ်စားလှယ်လွှဲစာ (Special Power)ဖြင့်လွှဲအပ်တင်ပြခြင်းအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ အောက်ပါပုဂ္ဂိုလ်များအား လေလံဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ -

(က) နာမည်ပျက်စာရင်းတင်သွင်းကြေငြာ၍ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် လေလံဆွဲဝယ်ခွင့်ပိတ်ပင်ခံထားရသူများ၊ ၎င်းနှင့်အတူနေအိမ်ထောင်စုစာရင်းဝင်ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း လိုင်စင်ပိတ်သိမ်းခံရသူများ၊

(ခ) လိုင်စင်ရောင်းချိန်တွင် လိုင်စင်အရစ်ကျငွေနှင့် ရက်လွန်ဒဏ်ကြေးပေးဆောင်ရန်နှင့် အခြားအခွန်၊ အခကြွေးကျန်ရှိသူများ၊

(ဂ) စည်းကမ်းပါသတ်မှတ်ချက်အရ တင်ပြရမည့်စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိသူများ။

၈။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအချက်များပူးတွဲတင်ပြရမည် -

(က) လိုင်စင်လျှောက်ထားသူ၏ပတ်စ်ပို့ဓါတ်ပုံ(၃)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူ။

(ခ) အခွန်ကြွေးကျန်ကင်းရှင်းကြောင်းနှင့် အမည်ပျက်စာရင်းတင်သွင်းကြေညာခံရသူမဟုတ်ကြောင်း သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့၏ ထောက်ခံချက်၊

(ဂ) စားပွဲတင်အာမခံတင်သွင်းထားသည့် အထောက်အထားငွေထုတ်ယူခွင့်အမိန့် (P.O.P) (Payment Order Private)

(ဃ) သက်ဆိုင်ရာလိုင်စင်တစ်ခုချင်းစီအတွက် ကြမ်းခင်းဈေးတန်ဘိုးထက်လျော့နည်းခြင်းမရှိသည့် မရွှေ့ပြောင်းနိုင်သောပစ္စည်း(အဆောက်အဦ၊ အိမ်၊ မြေ)နှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများ (အိမ်၊ မြေ၊ ဂရံစသည့်မူရင်းအထောက်အထားများ) (သို့မဟုတ်) ဆွဲဝယ်ရရှိသူပိုင် ငွေစုလက်မှတ်မူရင်း၊ ငွေစုစာအုပ်မူရင်း၊

(င) အာမခံတင်သွင်းသည့် (အဆောက်အဦ၊ အိမ်၊ မြေ)၏ရှေ့နောက်ဝဲ/ယာဓါတ်ပုံ(၄)ပုံ၊

(စ) မြေပိုင်ဆိုင်ကြောင်းအဆောက်အဦ၊ မြေတည်ရှိရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊

(ဆ) သက်ဆိုင်ရာမြို့နယ်၏ ပြည်တွင်းအခွန်ဦးစီးဌာနမှ အခွန်ကြွေးကျန် ကင်းရှင်းကြောင်း ထောက်ခံချက်၊

(ဇ) သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ "တန်ဖိုးဖြတ်အဖွဲ့"၏ စိစစ်တင်ပြချက်အပေါ် အမှုဆောင်အရာရှိထောက်ခံချက်ပါ ဒိမ်၊ မြေ၊ အဆောက်အဦ၏ကာလတန်ဘိုးစိစစ်ချက်၊

(ဈ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ထောက်ခံချက်။

(ည) သားသတ်လိုင်စင်ဆွဲဝယ်ရန် လျှောက်ထားပါက အဖွဲ့မှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်သည့် သားသတ်မြေနေရာအား တင်ပြရမည်ဖြစ်ပြီး၊ ၎င်းမြေနေရာနှင့်ပတ်သက်၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ သဘောတူညီမှု ထောက်ခံချက်တင်ပြရမည်။

၉။ လေလံဆွဲဝယ်စဉ်အတွင်း လေလံဈေးနှုန်းမြင့်တက်လာ၍ လိုအပ်သည့်စားပွဲတင်အာမခံငွေကို ထပ်မံပေးသွင်းရန် လေလံတင်ရောင်းချရေးအဖွဲ့က ထပ်မံညွှန်ကြားလာပါက လိုအပ်သောငွေကို ငွေသားဖြင့်ထပ်မံတင်သွင်းရမည်။ တင်သွင်းနိုင်ခြင်းမရှိပါက လေလံဆွဲဝယ်ခွင့်ပယ်ဖျက်ခြင်းခံရမည့်အပြင် တင်သွင်းထားသည့်စားပွဲတင်အာမခံငွေအား သိမ်းယူခြင်းခံရမည်။

၁၀။ အခွင့်အရေးလိုင်စင်များ တစ်ခုချင်းရောင်းချခြင်းကို လေလံဆွဲဝယ်ခွင့်လျှောက်လွှာအမည်စာရင်းတင်သွင်းသူ ကိုယ်တိုင် ဆွဲဝယ်ရမည်။ မည်သည့်အကြောင်းပြချက်နှင့်မျှ ကိုယ်စားလှယ်ဖြင့်ဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ။ အမှန်တကယ်ဆွဲဝယ်လုပ်ကိုင်မည့်သူများအား ထိခိုက်နစ်နာစေရန်ရည်ရွယ်၍ ဝင်ရောက်ဆွဲဝယ်ခြင်းကိုမူ ခွင့်ပြုမည် မဟုတ်သည့်အပြင် တွေ့ရှိက အလုပ်ဝတ္တရားနှောင့်ယှက်မှုဖြင့် အရေးယူခြင်းခံရမည်။

၁၁။ အခွင့်အရေးလုပ်ငန်းလိုင်စင်များအား လိုင်စင်တစ်ခုချင်းအလိုက်သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊ သက်တမ်းတိုးစနစ်ဖြင့်သော်လည်းကောင်း၊ တိုက်ရိုက်အညီအမျှခွဲဝေရောင်းချစနစ်ဖြင့်လည်းကောင်း၊ ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ရောင်းချ သွားမည်ဖြစ်ပါသည်။ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်အရမှတစ်ပါး မည်သည့်ပုဂ္ဂိုလ်အသင်းအဖွဲ့ကိုမျှ တိုက်ရိုက်ရောင်းချခြင်းမပြုပါ။

၁၂။ လေလံဆွဲဝယ်ခွင့်လျှောက်လွှာတင်သွင်းပြီးနောက် လေလံယှဉ်ပြိုင်ရန်အတွက် လေလံခန်းမအတွင်း ဝင်ရောက်ခြင်းမရှိသူများအားလည်းကောင်း၊ လေလံခန်းမအတွင်း လေလံတစ်ခုချင်းစီအား (၃)ကြိမ်ထက်မနည်း ယှဉ်ပြိုင်မှုမရှိပါကလည်းကောင်း၊ တင်သွင်းထားသောစားပွဲတင်အာမခံငွေကို အဖွဲ့ပိုင်အဖြစ်သိမ်းယူပြီး၊ အမည်ပျက် စာရင်းတင်သွင်းသွားမည်။ သို့ရာတွင် (၃)ကြိမ်မပြည့်မီ ယှဉ်ပြိုင်ဆွဲဝယ်မည့်လေလံကြေးသည် ကြမ်းခင်းဈေး၏ (၅၀%)အထိမြင့်တက်ပါက (၃)ကြိမ်အထိ ယှဉ်ပြိုင်ဆွဲဝယ်ခြင်းကို ကင်းလွတ်ခွင့်ပြုမည်။

၁၃။ လေလံယှဉ်ပြိုင်ဆွဲဝယ်နေစဉ်တွင် ပန်းကြေးရယူကြောင်းထင်မြင်ယူဆပါက လေလံရောင်းချရေးအဖွဲ့အနေဖြင့် လေလံရောင်းချခြင်းအားပယ်ဖျက်ပြီး နောက်တစ်ကြိမ်ပြန်လည်ရောင်းချသွားမည်။ ယင်းသို့ဆောင်ရွက်ချက်ကို လေလံအမှတ်တွဲ တွင်မှတ်တမ်းတင်ထားရှိမည်။

၁၄။ လေလံယှဉ်ပြိုင်ရာတွင် ပန်းကြေးရယူတောင်းခံကြောင်း တိကျစွာဖော်ထုတ်ရရှိပါက ပန်းကြေးပေးသူနှင့် ပန်းကြေးရယူသူနှစ်ဦးစလုံးအား လေလံဆွဲဝယ်ခွင့်ရုတ်သိမ်းပြီး၊ ၎င်းတို့အသီးသီးတင်သွင်းထားသော စားပွဲတင် အာမခံငွေများကို အဖွဲ့ပိုင်အဖြစ်သိမ်းယူမည်။ ထို့ပြင် ၎င်းတို့အား နာမည်ပျက်စာရင်းတင်သွင်းကြေညာမည်။ လေလံချထားပြီးဖြစ်ပါက လေလံကိုပြန်လည်ရုတ်သိမ်း၍ အသစ်တစ်ဖန်ပြန်လည်ရောင်းချမည်။

၁၅။ လေလံဆွဲဝယ်ယှဉ်ပြိုင်သူတစ်ဦးတစ်ယောက်သည် လေလံဆွဲဝယ်ရရှိသည့်တိုင် ၎င်းအနေဖြင့်လေလံဆွဲဝယ် ရာတွင် သတ်မှတ်ထားသောလေလံစည်းကမ်းနှင့်မကိုက်ညီဘဲ မမှန်မကန်လိမ်လည်၍ ဆွဲဝယ်ရရှိခြင်းဖြစ်ကြောင်း ခိုင်လုံစွာစစ်ဆေးတွေ့ရှိရပါက လေလံချထားခြင်းကို ပြန်လည်ရုတ်သိမ်း၍ စည်းကမ်းနှင့်အညီ ပြန်လည်လေလံရောင်း ချမည်။ ထို့အပြင် တင်သွင်းထားသောအာမခံငွေများကို နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းယူ၍ အမည်ပျက်စာရင်း တင်သွင်းသတ်မှတ်မည်။

၁၆။ လိုင်စင်စည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဒိုက်ဦးမြို့၊ ဖုန်းအမှတ်၊ ၀၉-၇၉၄၁၆၄၀၄၁သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမှုဆောင်အရာရှိ
(အောင်စိုးဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး)

စာအမှတ်၊ ၁၅၀၀ / ယ-၂ / ၁၉-၁ (၀၀၁)
ရက် စွဲ ၊ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ (၂၂ )ရက်

<u>ဖြန့်ဝေခြင်း</u>

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအားလုံး ( -----------------------------မြို့ )
အုပ်ချုပ်ရေးမှူး၊ (ဈေးပိုင်း/ကုန်သည်/ဝါဆို/ကျောင်းစု/သံတံတား/မင်းတဲ/စက်ကွင်း/ဒရယ်မီး/ဖအောင်ဝဲ) ရပ်ကွက်
အုပ်ချုပ်ရေးမှူး၊ (ရှမ်းစု/ဖောင်တော်သီ/ကတုတ်ဘုရားကြီး/အိမ်ခြေလေးဆယ်)ကျေးရွာ
လေလံဆွဲဝယ်သူများနှင့် လေလံဆွဲဝယ်လေ့ရှိသူများ(အားလုံး)
မြို့မဈေး၊ မြို့သစ်ဈေး၊ ဖောင်တော်သီဈေး (ကြော်ငြာသင်ပုန်းတွင် ကြော်ငြာရန်)
------------------------------------------------------------------

မိတ္တူကို

ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့
မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒိုက်ဦးမြို့
ဌာနဆိုင်ရာအကြီးအကဲများအားလုံး၊ ဒိုက်ဦးမြို့ (ထံသိသာပါရန်နှင့် မိမိဌာနကြော်ငြာသင်ပုန်းတွင် ကြော်ငြာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်) --------------------------------------------ဌာန
ဒိုက်ဦးမြို့ (------------------------------------------)
--------------------------------------------လိုင်စင်အမှုတွဲ
----------------------------------------------------------
ရုံးလက်ခံ/မျှော

## ဒိုက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့
## ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်တွင် ရောင်းချမည့် အရပ်ရပ်အခွင့်အရေးလိုင်စင်များ

တိုင်းဒေသကြီး/ပြည်နယ် - ပဲခူးတိုင်းဒေသကြီး

| စဉ် | လိုင်စင်အမည် | ကြမ်းခင်းဈေး (ကျပ်) | တင်သွင်းရမည့် စားပွဲတင်ငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | **<u>အောက်ပါ သားသတ်လိုင်စင်များအား အညီအမျှခွဲဝေချထားပေးခြင်းစနစ်ဖြင့် ရောင်းချပါမည်။</u>** | | | |
| ၁ | ဒိုက်ဦးဆိတ်သတ်ခွင့်ရလိုင်စင် | ၄၃၆၀၀၀၀ | ၂၁၈၀၀၀၀ | |
| ၂ | ကတုတ်ဘုရားကြီးဆိတ်သတ်ခွင့်ရလိုင်စင် | ၁၅၁၀၀၀၀ | ၇၅၅၀၀၀ | |
| ၃ | ဒိုက်ဦးအမဲသတ်ခွင့်ရလိုင်စင် | ၂၈၂၀၀၀၀၀ | ၁၄၁၀၀၀၀၀ | |
| ၄ | ဖောင်တော်သီ၊ အေးသုခအမဲသတ်ခွင့်ရလိုင်စင် | ၁၂၄၅၀၀၀၀ | ၆၂၂၅၀၀၀ | |
| ၅ | ဒိုက်ဦး၊ ဖအောင်ဝဲဝက်သတ်ခွင့်ရလိုင်စင် | ၁၄၉၆၀၀၀၀၀ | ၇၄၈၀၀၀၀၀ | |
| ၆ | ဖောင်တော်သီ၊ ကတုတ်၊ အေးသုခဝက်သတ်ခွင့်ရလိုင်စင် | ၅၁၁၅၀၀၀၀ | ၂၅၅၇၅၀၀၀ | |
| | | | | |
| ၂ | **<u>အောက်ပါ အပေါင်ဆိုင်လိုင်စင်များအား သက်တမ်းတိုးစနစ်ဖြင့် ရောင်းချပါမည်။</u>** | | | |
| ၁ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၁ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၂ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၂ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၃ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၃ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၄ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၄ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၅ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၅ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၆ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၆ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၇ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၇ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၈ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၈ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၉ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၉ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၁၀ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၁၀ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၁၁ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၁၁ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၁၂ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၁၃ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၁၃ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၁၄ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၁၄ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၁၅ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၁၅ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၁၆ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၁၆ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၁၇ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |

| စဉ် | လိုင်စင်အမည် | ကြမ်းခင်းဈေး (ကျပ်) | တင်သွင်းရမည့် စားပွဲတင်ငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁၇ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၁၈ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၁၈ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၁၉ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၁၉ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၂၀ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၂၀ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၂၁ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၂၁ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၂၂ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၂၂ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၂၃ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၂၃ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၂၄ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၂၄ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၂၅ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၂၅ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၂၆ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၂၆ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၂၇ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၂၇ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၂၈ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၂၈ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၂၉ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၂၉ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၃၁ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၃၀ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၃၂ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၃၁ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၃၅ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၃၂ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၃၇ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၃၃ | ဒိုက်ဦးမြို့မအပေါင်ဆိုင်-၃၈ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၃၄ | ဖောင်တော်သီအပေါင်ဆိုင်-၁ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၃၅ | ဖောင်တော်သီအပေါင်ဆိုင်-၂ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၃၆ | ဖောင်တော်သီအပေါင်ဆိုင်-၃ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၃၇ | ဖအောင်ဝဲအပေါင်ဆိုင်-၁ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၃၈ | ဖအောင်ဝဲအပေါင်ဆိုင်-၂ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၃၉ | ဖအောင်ဝဲအပေါင်ဆိုင်-၃ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၄၀ | ဖအောင်ဝဲအပေါင်ဆိုင်-၄ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၄၁ | ဖအောင်ဝဲအပေါင်ဆိုင်-၅ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၄၂ | ဖအောင်ဝဲအပေါင်ဆိုင်-၆ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၄၃ | ဖအောင်ဝဲအပေါင်ဆိုင်-၇ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၄၄ | ဖအောင်ဝဲအပေါင်ဆိုင်-၈ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၄၅ | ဖအောင်ဝဲအပေါင်ဆိုင်-၉ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |

| စဉ် | လိုင်စင်အမည် | ကြမ်းခင်းဈေး (ကျပ်) | တင်သွင်းရမည့် စားပွဲတင်ငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၄၆ | ဖအောင်ဝဲအပေါင်ဆိုင်-၁၀ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၄၇ | ဖအောင်ဝဲအပေါင်ဆိုင်-၁၁ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၄၈ | ဖအောင်ဝဲအပေါင်ဆိုင်-၁၂ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၄၉ | ဖအောင်ဝဲအပေါင်ဆိုင်-၁၃ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၅၀ | ဖအောင်ဝဲအပေါင်ဆိုင်-၁၄ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၅၁ | ကတုတ်ဘုရားကြီးအပေါင်ဆိုင်-၁ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၅၂ | ကတုတ်ဘုရားကြီးအပေါင်ဆိုင်-၂ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၅၃ | ကတုတ်ဘုရားကြီးအပေါင်ဆိုင်-၃ | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၅၄ | ရှမ်းစုကျေးရွာအပေါင်ဆိုင် | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| ၅၅ | ပျဉ်းမလွင်ကျေးရွာအပေါင်ဆိုင် | ၆၀၀၀၀၀ | ၃၀၀၀၀၀ | |
| | | | | |
| | | | | |
| ၃ | <u>အောက်ပါ လိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချပါမည်။</u> | | | |
| (က) | <u>ဈေးကောက်လိုင်စင်များ</u> | | | |
| ၁ | မြို့မဈေးကောက်လိုင်စင် | ၂၂၄၄၀၀၀၀ | ၁၁၂၂၀၀၀၀ | |
| ၂ | ဖောင်တော်သီဈေးကောက်လိုင်စင် | ၅၃၀၂၀၀၀ | ၂၆၅၁၀၀၀ | |
| | | | | |
| (ခ) | <u>အခြားလိုင်စင်များ</u> | | | |
| ၁ | မြို့မဈေးစက်ဘီးအပ်ခကောက်လိုင်စင် | ၁၂၆၅၀၀၀၀ | ၆၃၂၅၀၀၀ | |
| ၂ | မြို့တွင်းရပ်နားခွန်ကောက်လိုင်စင် | ၂၀၃၅၀၀၀ | ၁၀၁၇၅၀၀ | |
| | | | | |
| ၄ | အောက်ပါ လိုင်စင်များအား BOT သက်တမ်းတိုးစနစ်ဖြင့် ရောင်းချပါမည်။ | | | |
| (က) | <u>ဘီးကောက်လိုင်စင်</u> | | | |
| | မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင် | ၄၄၁၁၀၀၀၀၀ | ၂၂၀၅၅၀၀၀၀ | |
| | | | | |
| (ခ) | <u>အခြားလိုင်စင်များ</u> | | | |
| ၁ | မြို့မဈေး အိမ်သာခကောက်လိုင်စင် | ၂၉၂၆၀၀၀ | ၁၄၆၃၀၀၀ | |
| | | | | |